ပုဗ္ဗာ – အနာဖြစ်သော် သွေးပုပ်ပေါ်၍ ရွက်ရော်ဆင်းရောင် ပုပ်ဟောင်နံညှီ ပြည်အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

လောဟိတံ – ချိပ်ရည်ပြစ်ဆင်း တစလယ်ခင်းမျှ ရင်တွင်း အဆုတ်ညှိုနွလုံးတို့ထက် တစက်စက်ကျ အသဲမှလျှင် အောက်တွင်ပြည့်စေ စုတည်နေသော သန္နိစိတသွေး, ကျဲသောချိပ်ရည် ပမည်ပိုက်ကျုံး ကိုယ်လုံးအနှံ့ ရောက် အကြောလျှောက်သော သံသရဏ သွေး သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလား မဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

သေဒေါ – မီးပူ နေပူ ဥတုပူမှု စ၍အလီလီ ပူမညီ၍ နှမ်းဆီ အဆင်း ဆံမွေးတွင်းမှ ယိုဆင်း သက်လျှော ချွေး

---

ပုပ်ကဲ့သို့ အစာအိမ်အတွင်းမှ အပုပ်နံ့သည် အပြင်သို့ ထွက် လာ၏၊ ထို သလိပ်တွေ များနေပြန်လျှင်လည်း အစာအိမ် အတွင်း၌ အပုပ်နံ့သည်(ကျင်ကြီးခွက်ကို ပိတ်ထားသကဲ့သို့) ဖြစ်၏။

**ပြည်။** ။ပုပ်သောသွေးကိုပင် "ပြည်" ဟု ခေါ် ရ၏၊အဆင်းမှာ ဖက်ရွက်ရော်(ဖြူဝါ)အဆင်း ရှိ၏၊ သူသေကောင်၌ ရှိသော ပြည်ကား ပြစ်ခဲပုပ်နေသော ထမင်းရည်နှင့်တူ၏။

**သွေး။** ။စုနေသောသွေး, သွားနေသောသွေးဟု ၂-မျိုး ရှိ၏၊ စုနေသောသွေးသည် ကျက်၍ ပြစ်နေသောချိပ်ရည်